# ရဲဘော်တင်ရွှေဦးစီးသည့် အမျိုးသားညီလာခံကြိုဆို ထောက်ခံရေးအင်အားစု၏ သတင်းစာရှင်းလင်းပွဲကျင်းပ

ရဲဘော်တင်ရွှေဦးစီးသည့် အမျိုးသားညီလာခံကြိုဆို ထောက်ခံရေးအင်အားစု၏ သတင်းစာရှင်းလင်းပွဲကို ၅၃လမ်း အိမ်အမှတ် ၃၉/၄၁ တွင် ယခုလ ၂၆ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရဲဘော်တင်ရွှေသည် ၁၉၉၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကိုယ်စားလှယ်လောင်းများဖြစ်သည်ဟု သိရသည်။

ယင်းအဖွဲ့အနေဖြင့် အမျိုးသားညီလာခံအောင်မြင်စွာ ကျင်းပပြီးစီးရေး ပြည်သူသို့ပန်ကြားချက်ကို ထုတ်ပြန် ကြေညာခဲ့ပြီး အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံသည်ဟု ဆိုသည်။

အမျိုးသားညီလာခံကို ပြန်လည်ကျင်းပသည့် ၂၀၀၄ခုနှစ်က ထောက်ခံပွဲများမလုပ်ဘဲ ယခုမှလုပ်ရခြင်းမှာ NLD မှ ထုတ်ပြန်ကြေညာခဲ့သော ၅-၅-၂၀၀၇ အထူးကြေညာချက်ကြောင့်ဖြစ်သည်ဟု ရဲဘော်တင်ရွှေက ပြောသွားခဲ့သည်။